



# သန်းဖေဦး ၊ ဥသာ ၊

## ပိယဒါသနှင့် ဗုဒ္ဓဓာတ်တော်တိုက်

မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန် စံလွန်တော်မူပြီးသည့်နောက် နှစ်ပေါင်း (၂၂၀) ဝန်းကျင်။

ဒေ့ဗ်နိုဒ်ယတိုက်ကြီးတွင် ကမ္ဘာဦးတည်စ ကတည်းကပင် ထီးပြိုင်နန်းပြိုင် တိုင်းငယ် ပြည်ငယ်များ အများ အပြားတည်ရှိနေခဲ့သည်။

ယခင် နှစ်ပေါင်းများစွာက ပါဋလိပုတ်ရွာကြီးသည်ပင် မင်းနေပြည်တော် ဖြစ်ခဲ့လေပြီ။ ထိုပါဋလိပုတ် ပြည်ကား ပိယဒါသကြောင့် ထင်ရှားခဲ့ခြင်းဖြစ်လေသည်။

ပိယဒါသ မင်းသားသည် မိမိ၏ ပြိုင်ဘက်ဖြစ်သော မင်းညီမင်းသား(၉၀)ကျော်ကို သုတ်သင်ကာ ဗိုလ်လူပြည်သူအမြောက်အမြား၏ သွေးချောင်းစီးစေပြီးမှ ထီးနန်းကို ရခဲ့သူဖြစ်သည်။ ပိယဒါသမင်းသားသည် ပြိုင်ဘက်ရန်သူအားလုံးကို ငြိမ်ဝပ်ပိပြားစေပြီးသောအခါ အာသောကဟူသော ဘွဲ့ကို ခံယူလျက် ထီးဖြူ

အုန်းသျှောင်ပြည်စုမင်းလုပ်ကာ မိမိ၏ ဘုန်းလက်ရုံးကို ဇမ္ဗူဒိပ်ကြီးတစ်ခု လုံး ကအလေးဂရုပြုလာအောင် ဆောင် ရွက်ခဲ့သူဖြစ်သည်။

ပိယဒါသသည် ဧကရာဇ် ဘုန်းမိုးသို့ချုန်းစေကာမူ တိုင်းသူ ပြည်သူအများအပြားက အသက် ပေါင်းများစွာကိုစတေး၍ နန်းတက် လာသော သူလိုလူကြမ်းကြီးကို မြတ် သော တရားမင်းဟူ၍ နှလုံးမပေါက် နိုင်ကြ။ ကြမ်းတမ်းသော ထီးဆောင်း မင်းဧကရာဇ်တစ်ယောက် အဖြစ်သာ အသိအမှတ်ပြုခဲ့ကြ၏။

ထိုအာ့ သောကသည် ရေစင် တစ်ဖက်၊ မီးတုတ် တစ်ဖက်ရှိသော သူပင်။ ထီးနန်းအရိုက်အရာရရှိရန် သူမတူအောင် ရက်စက်ကြမ်းကြုတ် ခဲ့ပေမယ့် ဗုဒ္ဓသာသနာတော်၌ ကြည် ညိုသော သဒ္ဓါတရားသည် ပြိုင်သူ ကင်းအောင် ထူးချွန်ခဲ့သူဖြစ်သည်။ ထိုသို့ ဖြစ်လာရသည်မှာ နိဂြောဓ ရဟန္တာသာမဏေမြတ်၏ ကျေးဇူး ကြောင့်ပင်ဖြစ်၏။ အလွန်ကြမ်းတမ်း လွန်းသော အာသောကရဲ့ နှလုံးသား ကို နူးနယ်သိမ်မွေ့လာအောင် ထိုသာ မဏေက သိမ်းသွင်းခဲ့သည် မဟုတ် တုံလော။

အာသောက ရှင်ဘုရင်သည် ဇမ္ဗူဒိပ်တစ်ကျွန်းလုံး၌ စေတီပေါင်း (၈၄၀၀၀)၊ ကျောင်းပေါင်း (၈၄၀၀၀) (ရေကန်ပေါင်း ၈၄၀၀၀ တို့) ကို တည်ဆောက်စေပြီး သာသနနုဂ္ဂဟ ဒါယကာခံယူလေသည်။ အာသော ကဘုရင်သည် သူ၏ ကောင်းမှုတော် ကျောင်းပေါင်း(၈၄၀၀၀)၌ တစ်ချိန်



က အဇာတသတ်မင်း သိုဝှက်မြှုပ်နှံ ခဲ့သော ဗုဒ္ဓ၏ ဓာတ်တော်တို့အား တူးဖေါ်ပင့်ဆောင် ပူဇော်ထားလို သည့် ပြင်းပြသော ဆန္ဒရှိနေလေ သည်။

သို့ကြောင့် . . .

"အရှင်ဘုရားတို့၊ တပည့် တော်သည် ဆောက်လုပ်လှူဒါန်းပြီး သော ကျောင်းတိုက်များတွင် ဘုရား ရှင်၏ သရီရဓာတ်တော်တို့ကို ကိုး ကွယ်ပူဇော်ထားလိုပါသည်။ ဓာတ် တော်တို့အား မည်သည့်နေရာ၌ရနိုင် အံ့နည်း။"

အာသောက မင်းသည် ရဟန္တာအရှင်မြတ်တို့အား ဤသို့ လျှောက်ကြားလေလျှင် အရှင်မြတ် များက . . .

"မြတ်သောမင်းကြီး၊ ဘုရား ရှင်ရဲ့ဓာတ်တော်များကို အရှင်မဟာ ကဿပနှင့် အဇာတသတ်မင်းတို့ သိုဝှက်မြှုပ်နှံခဲ့သည်ကိုသာ သိကြရ သည်။ အဘယ်အရပ်၌ မြှုပ်နှံခဲ့ကြ သည်ကိုတော့ ငါတို့မသိကြပါ"

ထိုအခါ အာသောကမင်း သည် ဗုဒ္ဓ၏ ပရိသတ်လေးပါးတို့ကို ဖိတ်မန်၍ ရာဇဂြိုဟ်ပြည်သို့ သွား ကာ အဇာတသတ်မင်း တည်ထားခဲ့ သော စေတီကို ဖျက်ဆီး၍ ဓါတ် တော်တို့ကို ရှာဖွေလေသည်။ ...တွေ့ သောအခါ စေတီပျက်တို့အား ...က

တိ အတိုင်းပြန်လည်တည်ထား၍ ဝေသာလီပြည် လိစ္ဆဝီမင်းတို့၏ စေတီတို့ကို ဖျက်ရန် မှာပြန်၏။ မတွေ့ပြန်သောအခါ ပကတိအတိုင်း ပြန်တည်ပြီး ကပိလဝတ်၊ ရာမရွာ၊ အလ္လကပ္ပ၊ ဝေဋ္ဌဒီပ၊ ပါဝါ၊ ကုသနာရုံ စသော မြို့ရွာများမှာ စေတီပုထိုးများအား ဖျက်၍ဓါတ်တော်တို့ကို ရှာပါသော်လည်း မတွေ့ရသော အခါ စေတီများအား အသစ်ပြန်လည်တည်ထားပေးခဲ့ပြီး၊ ရာဇဂြိုဟ်မြို့သို့သာ ပြန်လည်ဆိုက်ရောက်လာကြ၏။ ရာဇဂြိုဟ်သို့ ရောက်သောအခါ ပရိသတ်လေးပါးတို့ကို စုဝေးစေပြီး -

"အို . . မြတ်သော အရှင်တို့၊ ဘုရားရှင်၏ ဓာတ်တော်တို့ကို ဘယ်နေရာ၌ မြှုပ်နှံထားခဲ့သည်ဟု ကြားဖူးမိသူများ ရှိပါသလား"

ထိုအခါ သတ်တော် ၁၂၀ အရွယ် မထေရ်ကြီးတစ်ပါးသည် မင်းကြီးအား ဤသို့ မိန့်ကြားလေသည်။

"အို . . မင်းမြတ်၊ ဗုဒ္ဓဓါတ်တော်တိုက်နေရာသည် ဘယ်နေရာရယ်လို့ ငါအတတ်မသိပါ၊ ဒါပေမယ့် ငါ့ခမည်းတော် မထေရ်ကြီးသည် ငါ (၇)နှစ်သားအရွယ်၌ ပန်းနံ့သာတို့ကို ကိုင်စွဲစေပြီး သာမဏေလိုက်ခဲ့ပါ၊ ထိုခြုံတို့အကြား၌ကျောက်စေတီရှိသည်။

"ထို ကျောက်စေတီအား ပန်းနံ့သာတို့ဖြင့် ပူဇော်ကြကုန်အံ့" ဆိုကာ ထိုကျောက်စေတီ၌ ပန်းနံ့သာတို့ဖြင့် ပူဇော်ပြီးလျှင် "သာမဏေ ထိုကျောက်စေတီအား မှတ်သားထားသင့်သည်" ဟု မိန့်ဆိုခဲ့သည်။ "မင်းမြတ် ငါသည် ဤမျှလောက်သာ သိပါသည်"

အာသောက မင်းသည် မထေရ်ကြီး ညွှန်ပြသောနေရာအား သွားရောက်၍ ခြုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်း၍ ကျောက်စေတီအား ဖယ်ရှားလျှက် စေတီအောက်မြေပြင်အား တူးစေရာ အင်္ဂတေအခင်းကို တွေ့ရလေသည်။ တဖန် ထို အခင်းကို ဖယ်ရှားပြန်သော် အလွန်ခမ်းနားထည်ဝါလျှက် ရင်သပ်ရှုမောဘွယ်ကောင်းသော ပရဝုဏ်ကြီးကို မြင်ကြရလေသည်။ အာသောကမင်းသည်အလွန်ဝမ်းမြောက်လျှက် ပရဝုဏ်အတွင်းသို့ ပရိသတ်များဖြင့် သက်ဆင်းသွားကြလေသည်။ ပရဝုဏ်အတွင်း၌ ရတနာ(၇) ပါး အတိပြီးသော ကြမ်းခင်းအား အံ့ဩဘနန်း တွေ့မြင်ကြလေသည်။ ထို့ထက် အံ့ဘွယ်ရာ ကောင်းသည် ကား သံလျှက်များကိုင်လျှက် လည်ပတ်နေသော သစ်သားရုပ် ယန္တရား များကို တွေ့မြင်ကြရခြင်းပင် ဖြစ်သည်။

ထိုအခါ အာသောကမင်းသည် ရာဇဂြိုဟ်မြို့၌ရှိသော နတ်ကွန်း (နတ်ကတော်) တို့ကို ခေါ်စေပြီး ဗ နတ်စာပေး၍ ရာဇ်ပသစေလေသည်။ သို့သော်လည်း စက်ယန္တရား တို့ ရပ်တန့်ခြင်းကို မတတ်နိုင်ကြပေ၊ ထိုအခါ အာသောကမင်းသည် နတ်တို့အား ဤသို့ တောင်းပန် တိုးလျှိုးလေသည်။

"ကျွန်ုပ်ကား ဗုဒ္ဓ၏ ဓာတ်တော်တို့ကို ပင့်ဆောင်ရန် ဇမ္ဗူဒီပါ တစ်ကျွန်းလုံး၌ မျှန့်နှံ့စွာ ပူဇော်ကိုးကွယ်လို၍ လာရောက်တူးဖော်ခြင်း ဖြစ်ပါသည်။အသင်တို့သည်အကျွန်ုပ်အား အန္တရာယ် တစ်စုံတစ်ရာ မပြု ကြပါလင့်"

ထိုအဖြစ်ကို တာဝတိံသာ နတ်ဥက္ကဋ္ဌသမ္မတဓမ္မရာဇာမာယဒေဝ သိကြားနတ်မင်း သိလေလျှင် ဝိသကြုံ နတ်သားအား ဓာတ်တော်တိုက် အတွင်း၌ လည်ပတ်နေသော စက်ယန္တရား ရုပ်များကို သွားရောက်ရပ်တန့်ပေးရန် စေခိုင်းသဖြင့် ဝိသကြုံ နတ်သား၏ လူငယ်တစ်ယောက် အသွင်ဖန်ဆင်း၍ လေးကို စွဲကိုင်လျက် အာသောကမင်း ရှေ့မှောက်သို့ ဝင်ကာ . . .

"မြတ်သော မင်းကြီး ယန္တရား များအား ကျွန်ုပ်ဖယ်ရှားပေးလိုပါသည်ဘုရား"

"အို . . ချစ်သားလုလင် သင်တတ်နိုင်ပါက ဖယ်ရှားပေးပါလော့"

ထိုသို့မင်းကြီးက ခွင့်ပြု လေလျှင် လုလင်လည်း ယန္တရား များ၏ အထိန်းအချုပ်တစ်နေရာသို့ လေးဖြင့် ပစ်လွှတ်လိုက်လေလျှင် မျှားထိမှန်သည်နှင့် မရှေးမနှောင်း မှာပင် ယန္တယားများသည် ဖရိုဖရဲဖြစ်လျက် ရပ်စဲသွားလေသည်။

စက်ယန္တရား များ ရပ်ဆိုင်းလေလျှင် အာသောကမင်းသည် ဓာတ်တော်အိမ် တံခါးလက်ကိုင်၌ ချိန်နှောင်ထားသော ပတ္တမြားလုံးအား မြင်သဖြင့် ကိုင်တွယ်ကြည့်သောအခါ "နောင်အခါ ဆင်းရဲသောမင်းသည် ဤပတ္တမြားလုံးကိုယူ၍ ဓါတ်တော်တို့ကို ပူဇော်စေသတည်း" ဟူသော

ကမ္ဗည်းကို မြင်သောအခါ အမျက်ဖြစ်လျှက် ထိုစာတမ်းအား အကြိမ်ကြိမ်ဖတ်ကာ "ငါလိုမင်းအား ဆင်းရဲသောမင်းဟု မဆိုသင့်ပါတကား" ဟူ၍ အကြိမ်ကြိမ် ရေရွတ်နေလေသည်။

ထိုတံခါးကိုဖွင့်၍ အတွင်းသို့ရောက်လေလျှင် အာသောကမင်းသည် လွန်စွာအံ့ဩလျက်ရှိလေသည်။ လွန်ခဲ့သောနှစ်ပေါင်း(၂၀၀)ကျော်ကာလက ထွန်းညှိခဲ့သော ဆီမီးခွက်များသည်လည်းကောင်း၊ မီးပန်းရေပန်း မျိုးစုံတို့သည်လည်းကောင်း၊ ယခုတင်ပင် လာရောက်ထားရှိသွားသကဲ့သို့ မြင်ရလေသည်။ ပန်းတို့ဖြင့် ပြုလုပ်ထားသော ပန်းမွေ့ရာအား အာသောကမင်း လက်ဖြင့်ကိုင်တွယ်ကြည့်သောအခါ ပန်းတို့၏ ပွင့်ဖတ်များပေါ်၌ ရေစက်ကလေးများပင်ခိုတွဲနေသေးသည်ကို တွေ့ရလေသည်။

အလွန်သင်းအီသော နံ့သာတို့၏ ရနံ့သည်လဲ ယခုမှသွန်းဖျန်းလိုက်ဘိအလား အထူးပင်ကြိုင်လှိုင်လို့နေလေသည်။

အာသောကမင်းသည် ပန်းမွေ့ရာပေါ် တွေ့ရသော ရွှေပြားတစ်ချပ်ကို ယူကာ အသေအချာကြည့်လိုက်သောအခါ "နောင်အခါ မင်းသားသည် ထီးဖြူဆောင်း၍ အာသောကမင်းဖြစ်လတ္တံ့။ ထိုမင်းသည် ဤဓါတ်တော်တို့ကို ကျယ်ပြန့်အောင်ပြုလတ္တံ့" ဟူသော ကမ္ဗည်း အက္ခရာတို့ကို ဖတ်လိုက်ရသောအခါ . . .

"အချင်းတို့၊ အရှင်မဟာကဿပမထေရ်သည် ငါ့အား သိမြင်တော်မူခဲ့ပေပြီ"

ထိုသို့ဆိုလျက်လက်ခမောင်းခတ်လေသည်။

အာသောက မင်းသည် ကြေးနီအိမ်ပိတ်၍ထားသော ငွေသားတို့ဖြင့် အဆန်းတကြယ်တည်ဆောက်ထားသည့် ပြဿဒ်အတွင်းသို့ တံခါးကိုဖွင့်၍ ဝင်ခဲ့ပြန်၏။ ထိုငွေသားပြဿဒ်အတွင်း၌ ရွှေစင် ရွှေသားတို့ဖြင့် ပြုလုပ်ထားသော ရွှေပြဿဒ်ဆောင်ကို တွေ့ရပြန်သည်။ ထိုရွှေစင် ပြဿဒ်အတွင်းသို့ တံခါးကိုဖွင့်၍ ဝင်ရောက်ကြသောအခါ အလွန်တရာ ကြည်ညိုသပ္ပါယ်လှန်းသော ဖန်သားစေတီကြီးအား ဖူးတွေ့ကြရလေသည်။

ဖန်အတိပြီးသော စေတီတော်ကြီးအား ဖြိုဖျက်လိုက်သောအခါ အတွင်း၌ ဖန်စေတီငယ် ရှစ်ဆူတို့ကို တွေ့ကြရပြန်သည်။ အာသောကမင်းဦးဆောင်သော ဓါတ်တော်တိုက်ရှာဖွေတူးဖော်ရေးအဖွဲ့ သည် ထိုဖန်စေတီငယ်ရှစ်ဆူအား ဖယ်ရှားလိုက်ကြပြန်ရာ ပတ္တမြားပြောက်ရတနာဖြင့် ထုဆစ်ထားသော စေတီငယ်ရှစ်ဆူကို ဖူးတွေ့ကြရသည်။ ထိုသို့အားဖြင့် ပတ္တမြားပြောက် စေတီငယ်ရှစ်ဆူအတွင်းမှ ပတ္တမြားပြောက်ရတနာကြုတ် ရှစ်လုံးကို တွေ့ရှိသည်။ ထိုကြုတ်ရှစ်လုံးအတွင်းမှ ပတ္တမြားနီ စေတီငယ်ရှစ်ဆူ၊ ထိုစေတီငယ်ရှစ်ဆူအတွင်းမှ ပတ္တမြားနီကြုတ်ရှစ်လုံး၊ ထိုကြုတ်ရှစ်လုံးအတွင်းမှ မြရတနာစေတီငယ်ရှစ်ဆူ၊ ထိုစေတီငယ်ရှစ်ဆူအတွင်းမှ မြရတနာကြုတ်ရှစ်လုံး၊ ထိုကြုတ်ရှစ်လုံးအတွင်းမှ ငွေသားစေတီငယ်ရှစ်ဆူ၊ ထိုစေတီငယ်ရှစ်ဆူအတွင်းမှာ ငွေသားကြုတ်ရှစ်လုံး၊ ထိုကြုတ်ရှစ်လုံးအတွင်းမှာ ရတနာမျိုးစုံစီချယ်ထားသော စေတီငယ်ရှစ်ဆူ၊ ထိုစေတီငယ်ရှစ်ဆူ အတွင်းမှာ ရတနာမျိုးစုံ စီချယ်ထားသောကြုပ်ရှစ်လုံး၊ ထိုကြုပ်ရှစ်လုံးအတွင်းမှာ ဆင်စွယ်ဖြင့် အဆန်းတကြယ်စီမံထားသော စေတီငယ်ရှစ်ဆူ၊ ထိုစေတီငယ်ရှစ်ဆူအတွင်းမှာ ဆင်စွယ်ဖြင့်ပြုလုပ်ထားသော ကြုပ်ရှစ်လုံး၊ ထိုကြုပ်ရှစ်လုံးအတွင်းမှာ စန္ဒကူးနီစေတီငယ်ရှစ်ဆူ၊ ထိုစေတီငယ်ရှစ်ဆူအတွင်းမှာ စန္ဒကူးနီကြုပ်ရှစ်လုံး၊ ထိုကြုပ်ရှစ်လုံးအတွင်းမှာ စန္ဒကူးစေတီရှစ်ဆူ၊ ထိုစေတီငယ်ရှစ်ဆူအတွင်းမှာ စန္ဒကူးကြုပ်ရှစ်လုံး၊ ထိုကြုပ်ရှစ်လုံးအတွင်းမှာ စန္ဒကူးနှစ်ရွှေစင်သားတို့ကို ပွတ်မံလွှမ်း၍ ပြုလုပ်ထားသော ကြုပ်ရှစ်လုံးတို့ကို တွေ့ကြရပြန်သည်။ ထိုကြုပ်ရှစ်လုံးအတွင်း၌ကာ ရွှေအဆင်း၊ ငွေအဆင်း၊ ပုလဲအဆင်း၊ မုလေးပန်းအဆင်းတို့ဖြင့် ရောင်ခြည်တော် ခြောက်သွယ် ဖြာကွန့်နေသော ဗုဒ္ဓဝင်သရီရဓါတ်တော်တို့ကို မုံညင်းစေ့အရွယ်၊ ဆန်ကျိုးစေ့အရွယ်၊ ပဲနှောက်စေ့အရွယ် ဟူသော သုံးသွယ်သော အမျိုးအစားရှိသည့်ဓါတ်တော်တို့ကို ဖူးတွေ့ကြရပါသည်။

အာသောကမင်းသည် ထိုဓါတ်တော်တိုက်အတွင်း၌ လက်ဝဲနှစ်ဘက်ဖြင့် ခံယူလောက်ရုံသော

ဓါတ်တော်တို့ကိုသာ ထိုစေတီ၌ ကိုးကွယ်လောက်ရုံသာ ချိန်၍ ကျန်ဓါတ်တော်များအား ကျောက်မျက်ရတနာတို့နှင့် အထူးစီချယ်ထားသော ရွှေပန်းတောင်ဖြင့်ထည့်ကာ ဓါတ်တော်အိမ်အား ကောင်းမွန်စွာ မွမ်းမံ၍ ဓါတ်တော် အိမ်တံခါးများကိုလဲ ရှေးနည်းအတိုင်းပိတ်ထားခဲ့၍ အပြင်ဘက်ဆုံးဖြစ်သော ကြေးပြားထုည် အတွင်းရှိ ရွှေဖြင့်ပြုလုပ်ထားသော အဂ္ဂသာဝကအစုံ၏ ရုပ်တုတော်၊ မဟာသာဝက(အသီတိ)မထေရ်ကြီး (၈၀)တို့၏ ရွှေသားရုပ်တုများ၊ သုဒ္ဓေါဓနမင်းကြီးနှင့် မဟာမာယာတို့၏ ရွှေစင်ရုပ်တုများ၊ ရွှေဖြင့်ပင်ပြုလုပ်ထားသော ငါးရာ့ငါးဆယ် ဓါတ်ရုပ်တုများကို မမှိတ်မသုန် အားရအောင်ဖူးမျှော်ပြီးသောအခါ ယခင်ထွန်းညှိထားသော ဆီမီးတို့နှင့်အတူ ဆီမီးခွက်အသစ်များဖြင့် ထွန်းညှိပူဇော်၍လည်းကောင်း၊ ပန်းနံ့သာများ အသစ်ပူဇော်၍လည်းကောင်း၊ လကျ်ာရစ်လှည့်ရှိခိုးပြီးလျှင် ကြေပြဿဒ်တံခါးအားပိတ်၍ ဓါတ်တော်တိုက် ပရဝုဏ်အတွင်းမှာတက် ၍ ပကတိအတိုင်းမြေကိုညှိ၍ ကျောက်စေတီကို ရှေးမူမပျက် ပြန်လည် တည်ထားရစ်လေသည်။

အာသောကမင်း၊ အဇာတသတ်မင်းကြီး၏ လျှို့ဝှက်ဓါတ်တော်တိုက်အတွင်းမှာ ရရှိသော သရီရဓါတ်တော်တို့အား ကျောင်းပေါင်း (၈၄၀၀၀)၊ စေတီပေါင်း (၈၄၀၀၀) တို့၌အညီအမျှ ခွဲဝေ၍ ကိုးကွယ်ပူဇော်ထားလေသည်။

စေတီ (၈၄၀၀၀)၊ ကျောင်း (၈၄၀၀၀)တို့၌ ဓါတ်တော်ပူဇော်ပွဲကြီး တခဲနက်ကျင်းပပြီးသောနေ့၊ သံဃာ့ အစည်းအဝေးသဘင်ကြီး၌ ဖြစ်သည်။

"အရှင်ဘုရားတို့၊ တပည့်တော်သည် ဘုရားရှင်၏ သာသနာ့အမွေခံမင်း ဖြစ်ထိုက်ပါပြီလား ဘုရား"

"အို . . မြတ်သောမင်းကြီး၊ သင်ကား သာသနာ့အမွေခံမင်း မဟုတ်၊ သာသနာ၏ဘစိမ်းတရံသာ ရှိနေပါသေးသည်"

"အရှင်ဘုရားတို့ တပည့်တော်သည် (၉၆) ကုဋေကုန်ကျစေပြီး၊ သာသနာတော်အား ချီးမြောက်ပါလျက် သာသနာ့အမွေကို မခံယူထိုက်သေးလျှင် တပည့်တော်မှတပါး ဘယ်သူ အမွေခံ ပုဂ္ဂိုလ်ဖြစ်ပါလိမ့်မလဲဘုရား"

"မြတ်သော မင်းကြီးသည် ပစ္စည်းလေးပါး သာသနာတော်၌ ရဟန်းပြုစေမှသာ ထိုသူသာသနာ့အမွေခံ ဖြစ်ပေလိမ့်မည်"

အာသောကမင်းလဲ သားတော်မဟိန္ဒမင်းသားနှင့် သမီးတော်သံဃာ့မိတ္တာတို့ကို ရှင်ရဟန်းပြုစေလေသည်။ ထိုအခါ၌ ရဟန္တာအရှင်မြတ်တို့က "မြတ်သောမင်းကြီး၊ သင် မင်းကြီးကား ယခုအခါ သာသနာ့အမွေခံထိုက်သော ပုဂ္ဂိုလ်ဖြစ်ခဲ့လေပြီ" ဟု မိန့်ဆိုတော်မူကြလေသည်။

ထို ပိယဒါသမင်း (အာသောက) သည် ထိုအခါမှ စတင်၍ သမိုင်းတလျှောက်လုံးအတွက် သိရိဓမ္မာ အာသောကမင်းကြီးရယ်လို့ ထင်ရှားခဲ့လေသတည်း။

ဤ . . (ပိယဒါသနှင့် ဗုဒ္ဓဓါတ်တော်တိုက်) ဟူသော စာစုကလေးသည် ပတိယတ္တိသာသနာတော်အတွက် တဒေါင့် တနေရာမှာ အထောက်အကူ ဖြစ်စေမည်ဟု ယုံကြည်မိပါသည်။ ဤစာစုတို့နှင့် ပင်ဆရာရှင်အပေါင်းတို့အား ဂါရဝပြုကန်တော့ပန်းဆင်လိုက်ရပါသည်။

(ဆန္ဒ၏ လောင်မြိုက်ခြင်းမှ ကင်းဝေးကြပါစေ)

<u>မှီငြမ်း</u>

၁။ ဒီဃမဟာဝဂ္ဂပါဠိတော်၊ မဟာပရိနိဗ္ဗာနသုတ်။

၂။ ဦးအောင်မိုး(ပါဠိပါရဂူ)၏ အရှင်အာနန္ဒာဝတ္ထု။

ဘုန်းဇော်မိုး(ဥဿာ)